## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
## အင်ဂျင်နီယာပညာစဉ်ဆက်မပြတ်သင်ကြားရေးလုပ်ငန်းကော်မတီ (CPD) တောင်းခံခြင်း၊
## အသိအမှတ်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း

၁။ စဉ်ဆက်မပြတ်ပညာရပ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး(CPD) Continuing Professional Development စနစ်မှာ PE / R.S.E များ လိုက်နာဆောင်ရွက်ရမည့်စနစ်တခုဖြစ်ပါသည်။

၂။ CPD နာရီကို အောက်ဖော်ပြပါ ကဏ္ဍများမှ ရရှိနိုင်ပါသည်။

(က) Formal Education and Training Activities

(ခ) Informal Learning Activities- on job learning

(ဂ) Informal Learning Activites -private study

(ဃ) Conference and Meeting

(င) Presentation and Papers

(စ) Service Activities

(ဆ) Industry Involvement ( for academician)

၃။ အထက်ပါကဏ္ဍများမှ CPD ကို တွက်ချက်ရာတွင် လက်မှတ်ရေးထိုးတင်ပြချိန်၏ လွန်ခဲ့သော(၃)နှစ် အတွင်းလုပ်ဆောင်ချက်များကို တင်ပြနိုင်ပြီး ပျမ်းမျှယူ၍တွက်ချက်အသိအမှတ်ပြုပေးပါသည်။

၄။ အကျယ်ချဲ့၍ ဖော်ပြရပါလျှင်

၂(က) Formal Education and Training Activities သည် ကျောင်း၊တက္ကသိုလ်များတွင် ပညာသင်ယူခြင်းအတွက် အသိအမှတ်ပြု အမှတ်ပေးခြင်းဖြစ်သည်။သင်ယူချိန်ကို နာရီဖြင့်လည်းကောင်း၊ သင်ယူသည့် ကာလကိုလည်းကောင်း ဖော်ပြရပါမည်။အထောက်အထား တင်ပြရပါမည်။ နာရီအကန့်အသတ်မရှိ ခံစားခွင့်ရှိပါသည်။

၂(ခ) Informal Learning Activities- on job learning သည် အလုပ်ခွင်တွင် သင်ယူခြင်းအတွက် အကျုံးဝင်ပါသည်။ သင်ယူသည့်ကာလ ၊သင်ယူချိန်နာရီကို အထောက်အထားဖြင့် ဖော်ပြရပါမည်။ တစ်နှစ်လျှင် အများဆုံးနာရီ (၂၀)သာ အကန့်အသတ်ဖြင့် ခံစားခွင့်ရှိပါသည်။

၂(ဂ) Informal Learning Activites -private study သည် မိမိကိုယ်ပိုင်အချိန်တွင် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ စာအုပ် ၊ဂျာနယ်၊မဂ္ဂဇင်း တစ်ခုခုကိုဖတ်ရှုလေ့လာခြင်းဖြစ်သည်။ ဖတ်ရှုသောစာအုပ်၊အကြောင်းအရာ၊ဖတ်ရှုချိန်တို့ကို ဖော်ပြရပါမည်၊ အထောက်အထားတင်ပြလျှင် ပိုကောင်းပါသည်။တစ်နှစ်လျှင် အများဆုံး ၁၀နာရီသာအကန့်အသတ်ဖြင့် ခံစားခွင့်ရှိပါသည်။

၂(ဃ) Conference and Meeting သည် အင်ဂျင်နီယာဆိုင်ရာ Conference , Workshop , Seminar, Meeting များတက်ရောက်ခြင်းအတွက် အမှတ်ပေးခြင်းဖြစ်သည်။တက်ရောက်သော